ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံခုံအဖွဲ့

**ညွှန်ကြားချက်အမှတ် ( ၁ /၂၀၂၃)**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ ၂၆ ရက်)

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်အယူခံခုံအဖွဲ့သို့ အမှုများတင်သွင်းလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသူများက သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၉ ၊ ပုဒ်မခွဲ(က)တွင် "ခုံအဖွဲ့သို့ အမှုတင်သွင်းသူသည် မိမိ၏အမှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်သွင်းလျှောက်ထားနိုင်သည်"ဟု ပြဋ္ဌာန်းထားသည့်အပြင် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၉ တွင်"ခုံအဖွဲ့သို့အမှုတင်သွင်းလျှောက်ထားလာပါက လျှောက်ထားသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ အခွန်အယူခံခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင်လျှောက်ထားရမည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Covid 19 ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နေစဉ်ကာလအတွင်း အခွန်အယူခံခုံအဖွဲ့သို့ အမှုများတင်သွင်းခြင်းကို စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့လုပ်ငန်းများမှဖြစ်စေ တင်သွင်းလာပါကလည်း လက်ခံပေးသွားမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့သည့် အခွန်အယူခံခုံအဖွဲ့၏ ၂၁-၉-၂၀၂၀ ရက်စွဲပါ၊ ညွှန်ကြားလွှာအမှတ် ၁/၂၀၂၀ ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၄။ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၆၂ တွင် "အယူခံလျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း ခုံအဖွဲ့သို့ လျှောက်ထားရမည်။ လျှောက်ထားသူက လုံလောက်သောအကြောင်းပြချက်များ တင်ပြနိုင်ပါက ခုံအဖွဲ့သည် ရက်ပေါင်း တစ်ရာ့နှစ်ဆယ်ထက်မပိုသောကာလအထိ အယူခံရက်ကို တိုးမြှင့်ပေး

နိုင်သည်" ဟုပြဋ္ဌာန်းထားသောကြောင့် လုံလောက်သောအကြောင်းပြချက်များ တင်ပြနိုင်စေကာမူ စည်းကမ်းသတ်ကာလဖြစ်သည့် ရက်ပေါင်းတစ်ရာ့နှစ်ဆယ် ထက်ကျော်လွန်သော အယူခံ လျှောက်ထားမှုများကို လက်ခံဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါသောကြောင့် အယူခံမှု လျှောက်ထားခြင်းအား အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ကာလ စည်းကမ်းသတ်အတွင်း၌သာ လျှောက်ထားကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

၅။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

မြင့်ဦး

ဥက္ကဋ္ဌ

စာအမှတ်၊ အခယ(ဖွဲ့)/၆/၀၃ ( ၄၁၄ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)

အဖွဲ့ဝင်များအားလုံး၊ အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန — မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

မှတ်ပုံတင်အရာရှိ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

မိတ္တူကို

- ရုံးလက်ခံ
- မျှောစာတွဲ